# အခန်း (၂)

## နှိမ့်ချပါ၊ ပွင့်လင်းပါ

သို့ဖြစ်၍ ဘုရားသခင်သည် အချိန်တန်သောအခါ သင်တို့ကို ချီးမြှောက်တော်မူနိုင်ရန်
သင်တို့သည် ကိုယ်တော်၏ တန်ခိုးကြီးသော လက်တော် အောက်၌ မိမိတို့ကိုယ်ကို
နှိမ့်ချကြလော့။

(၁ပေ ၅း၆)

"ဖရင့်(ခ်)" သည် အရူးတစ်ယောက်ကဲ့သို့ ခံစားခဲ့ရသည်။ သူသည် အသင်းတော်၏ စီနီယာ သင်းအုပ်ဆရာကြီး ဖြစ်သောကြောင့် မိမိသည် အသင်းသားများထက် ဝိညာဉ်ရေးရာ၌ ပိုမို၍ ရင့်ကျက်ရမည်ဟု ခံစားယူဆခဲ့သည်။ သူသည် နက်နဲသော ပညာရေတွင်းနှင့် မိမိသဘောပေါက် နားလည်ထားသည့်အရာများမှ ခပ်ယူနိုင်သောသူနှင့် ခေါင်းဆောင်တစ်ဦးဖြစ်ချင်ခဲ့သည်။ (သို့သော် သူ့မှာ ထင်ထားသလောက် နက်နဲသောပညာမရှိခဲ့။) သူသည် မိမိအသင်းတော် ဂျာနယ်အတွက် စာရေးသားရာတွင် မည်သည့် အတွေးတစ်ခုမျှ ထွက် မလာသောကြောင့် စိတ်ကသိကအောက်ဖြစ်နေမိသည်။ သူနှင့်ရွယ်သူ လုပ်ဖော်ဆောင်ဖက်များနှင့် နှိုင်းယှဉ်သည့်အခါတိုင်း သူသည် ပြည့်စုံမှုမရှိဘဲ သိမ်ငယ်သောစိတ် ခံစားခဲ့ရသည်။

အစပိုင်းတွင် ဖရင့်(ခ်)သည် သူအမှန်တစ်ကယ် မည်မျှသော စိတ်ပျက်မှုများနှင့် ခံစားနေသည်ကို ဖုံးကွယ်ထားရန် ကြိုးစားခဲ့သည်။ ဝိညာဉ်ရေးဆိုင်ရာ အသက်တာလမ်းညွှန်အားပေးမှုကို ခံယူသောအချိန်တွင် သူက "ကျွန်ုပ်သည် ကျွန်ုပ်ကို ခေါ်ထားခြင်းနှင့် ဝိညာဉ်ရေးရာအသက်တာအတွက် အာရုံစူးစိုက်မှုနှင့် လမ်းပြညွှန်မှုကို လိုအပ်နေ သောအချိန်ဖြစ်ပါသည်။ ဘုရားရှင်က ကျွန်ုပ်ကို မည်သည့်နေရာတွင် မည်သို့ခေါ်ထားပြီး မည်သို့အသုံးပြုချင်သည်ကို ပြန်လည်ရှာဖွေ တွေ့ရှိရန် လိုအပ်သည်ဟု ကျွန်ုပ်ယုံ ကြည်ပါသည်" ဟု ရေးထားခဲ့ပါသည်။ အားလုံးကောင်းပြီး မှန်ပါသည်။ သို့သော်လည်း ပန်တိုင်များရှိရာသို့ အမှန်တကယ် တိုး၍သွားနိုင်ရန်အတွက် ဖရင့်(ခ်)သည် မိမိ၏ အ တွင်းပိုင်းကိုကြည့်သကဲ့သို့ ရှေ့ဘက်ကိုလည်း ကြည့်ရမည်ဖြစ်သည်။ သူသည် မိမိကိုယ်မိမိ မည်သို့ ခံစားနေရသည့်အရာကို အမှန်အတိုင်း ရင်ဆိုင်ရမည်ဖြစ်သည်။ သူသည် ကျွန်ုပ်ရှေ့တွင် သူခံစားနေသော နာကျင်မှုများကို ဖုံးကွယ်ထားပြီး ကျွန်ုပ်က အမှန်တစ်ကယ် အထင်ကြီးအောင် ရဲရင့်ဟန်ဆောင်နေခြင်းကို ဖယ်ရှားပစ်ရန်လိုသည်။ သို့သော် တစ်ကယ် အကြောင်းအရာနှင့် ပတ်သက်လာသည့်အချိန် ထိုအရာကိုသူဝန်ခံရပြီ။ နောက်ဆုံးတွင် ပြော

ခဲ့သည့်အတိုင်းမဟုတ်ဘဲ သူသည် လက်ရှိအစေခံနေသော နေရာတွင် အစေခံရန်အတွက် မိမိကိုယ်ကို တော်သည်၊ ကောင်းသည် သို့မဟုတ် သန့်ရှင်းစင်ကြယ်သည်ဟု မခံစား။

ထိုအရာများသည် အခြားသူမဆိုထားနှင့် သူ့ကိုယ်သူ ဝန်ခံရန်ပင် အလွန်ခဲ့ယဉ်းသောအရာဖြစ်သည်။ သို့သော် ဝန်ခံခြင်းသည် ဖရင့်(ခ်)လိုအပ်သောဘု ရားသခင်၏ ကူညီမစခြင်းကို လက်ခံရရှိခြင်းနှင့် အသံတော်ကို ကြားနိုင်သော အစွမ်းများ ပြောင်းလဲလာခြင်းပင်ဖြစ်သည်။ ထိုသို့သော နှိမ့်ချခြင်းနှင့်ပွင့်လင်းခြင်းသည် သူ့ကို အခြားနည်းဖြင့် ကြားနိုင်မည်မဟုတ်သော အရာများကို ကြားနိုင်သော နားများကိုပေးခဲ့သည်။ မျက်နှာဖုံးတပ်ထားပြီး မာနကြောင့်နာကျင်ခံစားမှုကို ငြင်းဆိုနေခဲ့မည်ဆိုပါက ကျွန်တော်တို့သည် သူ၏ပန်းတိုင်များ အကြောင်းကိုသာ ပြောဆိုနေကြမည်ဖြစ်ပြီး စိတ်နှလုံးက ထိုအရာကို မည်သည့်အချိန်အခါမျှ လိုက်မီရရှိနိုင်မည် မဟုတ်ပါ။

## ဝိညာဉ်တော်ကို နားထောင်နိုင်ရန်အတွက် မည်သည့်အရာလိုအပ်သနည်း

ကျွန်တော်တို့သည် ဝိညာဉ်တော်နှင့်အတူ ခြေလှမ်းလှမ်းနိုင်ရန်အတွက် ရှေးဦးစွာ နားထောင်နေရမည်။ ကြားနာနိုင်ရန်အတွက်မူ နှိမ့်ချပြီး ပွင့်လင်းရမည်။ ဖရင့်(ခ်)ကဲ့သို့ပင် ကျွန်တော်သိသည့် များစွာသော အခြားသောသူတို့သည် ထိုကဲ့သို့သော အခြေအနေများမှ အသက်တာပြောင်းလဲပြီး ဘုရားသခင်အား အံ့သြဘွယ် တွေ့ကြုံခံစားလာခဲ့ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် ဝိညာဉ်ရေးရာ လူစွမ်းကောင်းများ သို့မဟုတ် ပြည့်စုံသော ခေါင်းကြီးဆောင်များ ဖြစ်သောကြောင့်မဟုတ်ပါ။ အတ္တကြီးခြင်း သို့မဟုတ် သူတို့၏ ပတ်ဝန်းကျင်ကို ထိန်းချုပ်နိုင်သောကြောင့်လည်းမဟုတ်ပါ။ ထိုသို့မဟုတ်ပါ၊ ဘုရားသခင်၏ မျက်မှောက်တော်နှင့် တန်ခိုးတော်အားဖြင့် အသက်တာ ပြောင်းလဲသွားသောသူ တို့သည် သူတို့၏ အားနည်းခြင်း၊ လိုအပ်မှုနှင့်ဘေးအန္တရာယ် ကျရောက်သောအခါ ဘုရားသခင်ကို တွေ့ကြုံခံစားခဲ့ရသော သူများဖြစ်သည်။ သူတို့သည် မိမိတို့၏ စွမ်းဆောင်နိုင်မှုကုန်ဆုံးသည့် နေရာကိုရောက်ရှိခဲ့ပြီး မိမိတို့၏ မတတ်နိုင်ခြင်း လုံလောက်ပြည့်စုံခြင်း မရှိသည်ကို တွေ့မြင်ခံစားခဲ့ရသော သူများဖြစ်သည်။ ထိုသူတို့သည် ဘုရားသခင်၏ ရှေ့တော်မှောက်တွင် မိမိကိုယ်ကို နှိမ့်ချသောကြောင့် (သို့မဟုတ် သူတို့တွေ့ကြုံခဲ့ရသော အရာတစ်ခုခုကသူတို့ကို နှိမ့်ချစေသောကြောင့်) ချီးမြှောက်ခြင်းကိုခံရပြီး ယခုအချိန်တွင် ဝိညာဉ်တော်က ဖွင့်ပြမည့် မည်သည့်အရာအတွက်မဆို အသင့်ရှိသော သူများဖြစ်သည်။

# နှိမ့်ချပါ

ကျွန်ုပ်တို့များစွာအတွက် နှိမ့်ချမှုဆိုသည်မှာ တမင်လုပ်ဆောင်ရန် မလိုအပ်ပါ။ ဘဝ အသက်တာက နှိမ့်ချစေသည်။ သို့သော် တစ်ချိန်တည်းမှာပင် တစ်ခါတစ်ရံ ကျွန်တော်တို့၏ ကျရှုံးခြင်းများနှင့် အားနည်းချက်များကို အမှန်အတိုင်းရင်ဆိုင်ရန် အလွန် ခက်ခဲသည်။ ကျွန်တော်တို့သည် ထိုသို့သော အခြေအနေတွင် မိမိကိုယ်ကို တွေ့မြင်ရန်အ တွက် အလွန်ရှက်တတ်ကြ သို့မဟုတ် ကြောက်တတ်ကြသည်။

သို့သော်လည်း နှိမ့်ချမှုကို တွန်းလှန်ရာတွင် ကျွန်ုပ်တို့နှင့် ဘုရားသခင်ကြားရှိ ပေါင်းသင်းဆက်ဆံမှုကို အဟန့်အတားဖြစ်စေသည်။ ကျွန်ုပ်တို့၏မာနသည် အပြင်ပန်း သဏ္ဍာန် အတုအယောင် ကျန်းမာလှပခြင်းကိုသာ ဖန်တီးပေးသည်။ မိမိကိုယ်ကို အရှိအတိုင်းထက် ပိုမြင်တတ်သည့်အမြင်သည် တစ်ခဏတာအတွက် ကောင်းသောခံစား ချက်ကို ပေးနိုင်ပါသည်။ ဟိတ်ဟန်များသော တွေးခေါ်ခြင်းသည် မိမိကိုယ်ကို အားကြီးသူ၊ ပြည့်စုံသူ၊ အများကတန်ဘိုးထား လေးစားခံရသူဟု ကျွန်ုပ်တို့အတွက် အားဖြစ်ကောင်း ဖြစ်စေမည်။ ဤအရာများသည် အချို့တစ်ဝက် မှန်ချင်မှန်မည်။ သို့သော် မိမိကိုယ်ကိုချဲ့ကားပြီး ထင်မြင်ယူဆတတ်သောအမြင်သည် ကျွန်ုပ်တို့၏ စိတ်ကူးယဉ်ကမ္ဘာထဲမှာသာ ကျွန်ုပ်တို့ကို လှောင်ပိတ်စေသည်။ ကျွန်ုပ်တို့သည် အမှန်တရားနှင့် ဝေးကွာသွားသောအခါ ဘုရားသခင်ထံမှ လိုအပ်သောအရာကို တောင်းလျှောက်နိုင်သည့် ကျွန်ုပ်တို့၏ အစွမ်းအစကို ပိတ်ဆို့စေသည်။ တစ်နည်းပြောရလျှင် ဘုရားသခင်ကို ကျွန်ုပ်တို့သိမြင်သည့် ခွန်အားများနှင့် ဆက်ဆံရန်ကြိုးစားခြင်း သို့မဟုတ် အခြားသောသူများထက် သာလွန်သည်ဟု ယူဆထင်မှတ်ခြင်းသည် မိမိကိုယ်ကို သံသယစိတ်ရှိခြင်း အချို့တို့ကို ဖုံးကွယ်ဖျောက်ပစ်ရန် အတွက် အကျိုးရှိကောင်းရှိနိုင်မည်။ သို့သော် ရရှိမည့် အကျိုးရလဒ်မှာ ကျွန်ုပ်တို့ကိုယ်တိုင် အခြားသောသူများနှင့်သော်၎င်း ဘုရားနှင့်သော် ၎င်း အဆက်ပျက်ခြင်း ပင်လျှင်ဖြစ်သည်။

သခင်ယေရှုသည် ဖာရိရှဲနှင့် အခွန်ခံများတို့ကို ပုံဥပမာကိုယူ၍ ကြွားဝါမောက်မာသော စိတ်ကို ရှောင်ကျဉ်ရန် သတိပေးပြီးသွန်သင်ပြီး နှိမ့်ချသော စိတ်ရှိသောသူများသာလျှင် ဘုရားသခင်၏ မစခြင်းခံရကြောင်း သွန်သင်ခဲ့သည်။

> ကိုယ်ကုသိုလ်ကို အမှီအပြု၍ သူတပါးကို မထီမဲ့မြင်ပြုတတ်သော သူအချို့တို့အား မိန့်တော်မူသော ဥပမာကား "လူနှစ်ယောက်တို့သည် ဆုတောင်းပဌနာပြုခြင်းငှါ ဗိမာန်တော်ပေါ်သို့တက်ကြ၏။ တစ်ယောက်ကား ဖာရိရှဲဖြစ်၏။ တစ်ယောက်ကား အခွန်ခံဖြစ်၏။ ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက်၊ အိုဘုရားသခင် သူတစ်ပါးတို့သည် အနိုင့်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊

> သူ့မယားကို ပြစ်မှားခြင်း အပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌ မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ မဟုတ်သောကြောင့် ကျေးဇူးတော် ကြီးလှပေ၏။ အကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဘို့တစ်ဘို့လှူပါ၏ဟူ၍ ဆုတောင်းပဌနာပြုလေ၏။ အခွန်ခံမူကား အဝေးကရပ်၍ ကောင်းကင်သို့မမျှော် မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခတ်လျက် အိုဘုရားသခင် အပြစ်များသောအကျွန်ုပ်ကို သနားခြင်း ဂရုဏာစိတ် ရှိတော်မူပါ ဟုဆုတောင်းလေ၏။ ငါဆိုသည်ကား ထိုသူသည် အပြစ်ပြေလျက် မိမိတို့အိမ်သို့ ပြန်သွားလေ၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား နှိမ့်ချခြင်းသို့ ရောက်လတ္တံ့။ ကိုယ့်ကိုယ်ကို နှိမ့်ချသောသူမည်သည်ကား ချီးမြှောက်ခြင်းသို့ ရောက်လတ္တံ့ဟု မိန့်တော်မူ၏" (လုကာ ၁၈း ၉-၁၄)။

ထို့နည်းတူ ရှင်ယာကုပ်နှင့် ရှင်ပေတရုတို့ကလည်း "ထောင်လွှားစော်ကားသောသူကို ဘုရားသ ခင်ဆီးတားတော်မူ၏။ နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော်မူ၏[၁]" ဟုဆို ရာ၌ သခင်ယေရှုသည် ပုံဥပမာဖြင့် သွန်သင်ရာတွင် မည်သည့်အရာကို သွန်သင်နေကြောင်းကို တစ်ဦးချင်းတို့က လွတ်လပ်စွာ ဖော်ပြထားသည်ကို တွေ့မြင်ရပါသည်။

မြင့်တက်နေသောခံစားချက်၏ အခြားတစ်ဖက်ခြမ်းသည် နှိမ့်ကျနေသောစိတ်ခံစားချက်ဖြစ်သည်။ ယင်းသည် မိမိကိုယ်ကို အခြားသူရှေ့ သိမ်ငယ်မှုကို ခံစားရခြင်း၊ မိမိ၏ ရှုံးနိမ့်မှုများကသာ နေရာယူ လွှမ်းမိုးခံထားရပြီး မိမိကိုယ်ကို အခြားသူများကဲ့သို့ ကောင်းသည်၊ ဆုကျေးဇူးရှိသည် သို့မဟုတ် အောင်မြင်သည်ဟု မမြင်ခြင်းတို့ဖြစ်သည်။ သို့သော် ဤသို့ ဖြစ်ရခြင်းသည် မာန်မာနရှိခြင်း၏ လက္ခဏာလည်းဖြစ်နိုင်သည်။ အကယ်၍ ကျွန်တော် တို့သည် တစ်စုံတစ်ဦးကြောင့် စိတ်ပူပန်ပြီး စိတ်ဓါတ်ကျကာ (စိတ်ကူးထဲ၌လည်း ဖြစ်နိုင်သည်) မိမိတို့၏ အကောင်းဆုံးသော အခြေအနေအတိုင်းမနေခြင်းသည် မာန်မာနက မိမိကိုယ်ကို အရှိကိုအရှိအတိုင်း မြင်နိုင် လက်ခံနိုင်စွမ်းကို ပျက်ပြားစေခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင်၊ အကယ်၍ ကျွန်ုပ်တို့သည် မာန်မာနနှင့် ပြည့်နှက် နေခြင်းမရှိခဲ့ပါက မိမိတို့ထက် "သာသော" တစ်စုံတစ်ယောက်ကို တွေ့မြင်သောအခါ မည်သည့် စိတ်အနှောက်အယှက်မျှ မဖြစ်စေနိုင်ပါ။ ကျွန်ုပ်တို့၏ အသက်တာရှိ အပြစ်အနာအဆာများသည် လောကလူသားတိုင်း တွေ့ကြုံရသော အရာဖြစ်သောကြောင့် ၎င်းတို့ကို တွေ့မြင်သောအခါ ကျွန်ုပ်တို့ကို ပူးဆွေးသောက မဖြစ်စေပါ။

[1] ယာကုပ် ၄း၆၊ ၁ပေ ၅း၅၊ တို့ကို သုတ္တံ ၃း၃၄ နှင့် နှိုင်းယှဉ်ကြည့်ပါ။

နှိမ့်ချခြင်းသည် အခြားသူတို့ကို မပြိုင်ဆိုင်နိုင်သောကြောင့် သော်လည်းကောင်း ကျွန်ုပ်တို့သည် ထိုသို့ပြိုင်ဆိုင်သင့်သည်ဟု စိတ်ထင်ထားသောကြောင့် သော်လည်းကောင်း ဟန်ဆောင်လုပ်ယူထားသော မျက်နှာထားဖြင့် နေစေခြင်းလည်း မဟုတ်သကဲ့သို့ မိမိကိုယ်ကို အထင်အမြင်သေးစေခြင်းကိုလည်း မပြုတတ်ပါ။ နှိမ့်ချရန်အတွက် ရွေးချယ်ခြင်းသည် မိမိကိုယ်ကို မည်သူမည်ဝါဖြစ်ကြောင်းနှင့် မည်သည့်အနေရာတွင် ရုန်းကန်လှုပ်ရှားနေရသည်ကို ရိုးသားစွာ ဝန်ခံခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့တွင် ကန့်သတ်ချက်များရှိခြင်းနှင့် အကူအညီ လိုအပ်မှုတို့ကို သိမှတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ မိမိမဖြစ်လိုသောသူ တစ်ယောက်ဖြစ်နေခြင်း သို့မဟုတ် အခြားသူတို့က ထင်သည့်အတိုင်း မဟုတ်သည်ကို ဝန်ခံပါသည်။ ကျွန်တော်တို့သည် မိမိနှင့်အခြားလူတို့ကို မတွေ့မြင်စေလိုသည့် မြောက်ပင့်ပြောဆိုထားခြင်း မရှိသည့် မိမိတို့နှင့်ပတ်သက်သည့် အမှန်တရားနှင့် ရင်ဆိုင်တွေ့ကြုံနေရတတ်ပါသည်။

ဥပမာ အကယ်၍ ကျွန်ုပ်တို့သည် နှိမ့်ချမှုလမ်းစဉ်ကို ရွေးချယ်ခဲ့မည်ဆိုပါက ကျွန်ုပ်တို့သည် မိမိတို့ လုပ်ဆောင်သော အမှုတို့သည် တစ်ခါတစ်ရံ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် မပြည့်မှီကြောင်း ဝန်ခံကြရပါမည်။ ကျွန်ုပ်တို့၏ တွေးတော စဉ်းစားခြင်းများနှင့် အပြုအမူအယာများတွင်လည်း အမြဲတမ်း သခင်ခရစ်တော်ကို ထင်ဟပ်စေမှု မရှိခဲ့သည့်အပြင် တစ်ခါတစ်ရံ သခင်ခရစ်တော်၏ အရေးအတွက် ဆိုးကျိုးဖြစ်စေသည့် အရာကို ပြုလုပ်မိခဲ့ကြသည်ကို ဝမ်းနည်းစွာဖြင့် ဝန်ခံကြရပါမည်။ ကျွန်ုပ်တို့၏ သိ၍သော်လည်းကောင်း မသိ၍သော်လည်းကောင်း ပြုလုပ်သော အမှားများက အခြားသူများကို ဆိုးရွားစွာ အကျိုးယုတ်စေသည်ကို ဝန်ခံကြရပါမည်။ ထိုအမှားများနှင့် မိမိတို့တွင် တာဝန်ရှိမှုတို့ကို ဖုံးကွယ်ရန်အတွက် အခြားသူတို့အား ဟိတ်ဟန်ထုတ်၍ ကြမ်းတမ်းစွာ ဆက်ဆံပြောဆိုမှုတို့ကိုလည်း ရပ်လိုက်ကြရမည်။ ဘုရားသခင် စေခိုင်းထားသော အမှုတော်ကို ပြီးမြောက်စေရန် သို့မဟုတ် မိမိတို့ကို စေခိုင်းထားသော အမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အခြားသောသူများကို ကျွန်ုပ်တို့လိုအပ်သည်ကို ဝန်ခံပြီး လိုအပ်သော အကူအညီကို လိုလိုလားလား တောင်းခံကြရပါမည်။

သို့သော် နှိမ့်ချခြင်း လမ်းစဉ်ကို ရွေးချယ်ခြင်းသည် မိမိကိုယ်ကို ယုတ်လျော့စေခြင်း မဟုတ်ပါ။ ဘုရားသခင်၏ ရှေတော်မှောက်တွင် နှိမ့်ချခြင်းသည် မိမိသည် မည်သူမည်ဝါဖြစ်သည်ကို အရှိအတိုင်း ရိုးသားစွာ ဝန်ခံခြင်းသာလျှင်ဖြစ်သည်။ ကျွန်ုပ်တို့၏ အားသာချက်များနှင့် အောင်မြင်မှုများ၊ ကျွန်ုပ်တို့၏ အကန့်အသတ်များနှင့် ရှုံးနိမ့်မှုများတို့ ကို ဝန်ခံကြရမည်။ ဘုရားသခင်က ကျွန်ုပ်တို့၏ အသက်တာတွင် ပြုခဲ့သည့် ကောင်းသော အမှုများအတွက် ကျေးဇူးတော်ချီးမွမ်းပြီး များစွာသော အရာများအတွက် လိုအပ်သော

ဘုရားရှင်၏ ဂရုဏာတော်နှင့် ကျေးဇူးတော်တို့ကို အလိုက်သင့် တောင်းလျှောက်ကြရပါမည်။ ထိုနေရာသည် အစပြုရမည့် နေရာဖြစ်သည်။ ၎င်းသည် ဘုရားသခင်နှင့် ပို၍ကြွယ်ဝပြီး နက်ရှိုင်းသော ပေါင်းသင်းဆက်ဆံခြင်းကို ဦးတည်၍ သွားနေသည်။ ထိုသို့သော ပေါင်းသင်းဆက်ဆံခြင်းသည် ဘုရားသခင် ရှေ့တော်မှောက်တွင် နှိမ့်ချခြင်း ဘုရားသခင်အထံတော်ပါးမှ ရရှိသော စိတ်ချယုံကြည်မှု သူ၏ ကြီးမားသော ချစ်ခြင်းမေတ္တာဖြင့် တည်ဆောက်သော ရဲရင့်ခြင်းနှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ လိုအပ်မှု များအတွက်ကြီးမြတ်သောဘုရားရှင်၏ ထောက်ပံ့မှုကို ခရစ်တော်အားဖြင့် လက်ခံရရှိ စေခြင်းတို့အားလုံးပေါင်းစပ်ပြီး ဖြစ်ပေါ်လာသည့်အရာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားရှင်ရှေ့ ဒူးထောက်သောအခါ ဘုရားရှင်က ကျွန်ုပ်တို့ကို ဆွဲထူပေးသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ တစ်စုံတစ်ရာ တောင်းလျှောက်ရန် သို့မဟုတ် မျှော်လင့်ရန် ထိုက်တန်သောသူမဟုတ်သည်ကို ဝန်ချကြပြီးနောက် ယခုအချိန်တွင် ကျွန်ုပ်တို့ကို ဦးဆောင်လမ်းပြပို့ဆောင် ပေးချင်သော သန့်ရှင်းသော ဝိညာဉ်တော်၏ အသံတော်ကို ကြားနိုင်ပြီဖြစ်သည်။

ဖရင့်(ခ်)သည် မိမိကိုယ်ကို မည်မျှအလေးမထားဘဲ လုပ်ဆောင်ခဲ့မိခြင်းနှင့် မိမိကိုယ်ကို မြင်သောအမြင်များ မည်မျှ မှားယွင်းသွားခဲ့သည်ကို အမှန်အတိုင်း ဝန်ခံခြင်းဖြင့် ဘုရားသခင်၏ အသံတော်ကို ကောင်းမွန်စွာ ပြန်လည်ကြားသိစေခဲ့သည်။ သူ့အတွင်း၌ရှိသော အမှောင်ထုနှင့် သံသယစိတ်တို့ကို စိတ်နှိမ့်ချစွာဖြင့် မြင်သာအောင် ဖွင့်ပြခဲ့ပြီး သူ့ကို ဘုရားရှင်က ပြောပြချင်သောအရာများကို ကြားနိုင်အောင် မိမိကိုယ်ကို ပွင့်လင်းစွာဖွင့်ဟထားခဲ့သည်။ ထိုသို့ လုပ်ဆောင်သောအခါ သူသည် ရုတ်တရက်ပင်လျှင် "အာရုံစူးစိုက်လာနိုင်" "ဦးတည်ချက်ကို တွေ့မြင်လာနိုင်" "နက်ရှိုင်းသော အရပ်သို့သွားလာနိုင်" ပြီး"ဘုရားသခင်၏ခေါ်သံ (လက်ရှိအချိန် ဘုရားသခင်ထားရှိသော ပန်းတိုင်များ)ကိုရှာဖွေတွေ့ရှိနိုင်လာခဲ့သည်"။ ဖရင့်(ခ်)သည် ယခုအခါမှာ အရှက်နှင့် တာဝန်ဝတ္တရားတို့ကြောင့် အ ရှေ့ထွက်ကြိုးစားလုပ်ဆောင်နေရသည့်အစား သန့်ရှင်းသော ဝိညာဉ်တော်ထံမှ "လန်းဆန်းသောလေ" ကို ရှူရှိုက်ခံစားနိုင်ခဲ့ရပြီဖြစ်သည်[၂]။ သူသည် သူရှုန်းကန်နေရ သောအရာကို ချုပ်တည်း ၍ မထားသကဲ့သို့ မိမိကိုယ်ကို အလွဲမြင်နေသော အရာကိုလည်း "အမှန်" အဖြစ်အတည်မပြုခဲ့ချေ။ အမှန်မှာ ဘုရားသခင်ထံမှ လာသော ပို၍ကြီးမားသည့် သမ္မာတရားအမြင် တစ်ခုက သူတွေ့ကြုံခံစားနေခဲ့ရသော အပျက်သဘော ဖိစီးမှုကို လွင့်ပျောက်သွားစေခဲ့သည်။ ဖရင့်(ခ်)သည် ဘုရားသခင်က သူ့ကိုမြင်သည့်အတိုင်း ပြန်လည်မြင်တတ်လာသောအခါ သူ၌ရှိသော အကန့်အသတ်များနှင့် ရှုံးနိမ့်မှုများအပေါ်

[2] တစ်စုံတစ်ဦး၏ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ထိတွေ့သည့် အတွေ့အကြုံအား ဤကဲ့သို့ ဖွဲ့ဆိုထားသော Jack Levison ကိုကျွန်တော်အလွန် ကျေးဇူးကြွေးတင်ရှိပါသည်။ Levison, *Fresh Air* ကိုကြည့်ပါ။

သိမြင်နားလည်မှု "အတိုင်း အတာကို ပို၍ပြုပြင်နိုင်လာခဲ့သည်"။ သူသည် ရုတ်တရက် ဆိုသလိုပင် ရှေ့ဆက်ရန်အ တွက်လိုအပ်သော ဂရုဏာတော်၊ ကျေးဇူးတော်၊ ချစ်ခြင်း မေတ္တာနှင့် အတည်ပြုသည့် စကားများကို လက်ခံရရှိခဲ့သည်။

## ပွင့်လင်းပါ

ပွင့်လင်းမှုသည် စစ်မှန်သော နှိမ့်ချခြင်းမှ လာသည်။ ဝိညာဉ်ရေးရာ လမ်းခရီးတွင် ဘုရားသခင်က ကျွန်ုပ်တို့အား ပြောဆိုလာသော မည်သည့်အရာအတွက်မဆို ပွင့်ပွင့်လင်းလင်း ရှိနေခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့်တွေ့ကြုံစေပြီး မည်သို့ပြောင်းလဲမှုမျိုး အတွက်မဆို ထိုအရာတွက် ပွင့်လင်းမှုရှိခြင်းသည် အလွန်အရေးကြီးသော အရာဖြစ်ပါသည်။ ပွင့်လင်းမှုဟု ဆိုရာတွင် ကျွန်ုပ်တို့ မကြားလိုသောအရာကို နားထောင်လိုစိတ်နှင့် မမြင်လိုသောအရာတို့ကို ကြည့်ရှုလိုခြင်းတို့ ပါဝင်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အမှန်တကယ် ပွင့်လင်းမည်ဆိုပါက သခင်ခရစ်တော်နှင့် မိမိတို့၏ ပေါင်းသင်းဆက်ဆံရာတွင် အဟန့်အတားဖြစ်စေသည့်အရာနှင့် ရှေ့ဆက်ရမည့် ခရီးအတွက် သန့်ရှင်းသောဝိညာဉ်တော်အား မေးမြန်းကြမည်သာဖြစ်သည်။

လမ်းညွှန်အားပေးမှုပြုရာတွင် ဖရင့်(ခ်)လျင်မြန်စွာ သင်ယူရရှိလိုက်သည့် အရာမှာ သာသနာပြုလုပ်ငန်းထဲတွင် ပိုမိုနက်နဲမှုနှင့် ဘုရား၏ ခေါ်သံကိုကြားရဖို့အတွက် ရုန်းကန်ကြိုးစားခြင်းတို့သည် သူ့ကိုယ်သူ မြင်သောအမြင်နှင့် သူ၏လိုအပ်မှုတို့ ကိုဘုရားသခင်က မည်သို့ ဖြည့်ဆည်းလမ်းပြပေးမည် ဆိုသည့်အရာတို့ကို မှားယွင်းစွာ ထင်မြင်ယူဆခံယူခြင်းများထဲတွင် အမြစ်တွယ်နေခဲ့သည် ဆိုသည့်အရာဖြစ်သည်။ ရှေဦးစွာ ဖရင့်(ခ်) အနေဖြင့် မိမိကိုယ်ကို မကောင်း၊ မတော်၊ သန့်ရှင်းမှုမလုံလောက်သေးဟု မှားယွင်းစွာ မြင်သောအမြင်ရှိနေလင့်စကား မိမိသည် မည်သူမည်ဝါ ဖြစ်ခဲ့သည်ကို ကြည်ဖြူစွာ လက်ခံလိုသောဆန္ဒရှိပြီး သူ့အားဖြင့် ဘုရားသခင်၏ လုပ်ဆောင်မှုတိုင်းတွင် အသီးအပွင့်များသီးရန် ရည်ရွယ်ချက်ထားရှိသည်ကို ယုံကြည်ရမည်။ အတိအကျပြောရလျှင် သူသည် အလွန်နှိမ့်ကျသော အတိတ်ရှိခဲ့သော်လည်း မိမိကိုယ်ကို ယခင်ကမြင်သည့် အမြင်အတိုင်း မဟုတ်ဘဲ ပြောင်းလဲ၍မြင်တတ်ရန်လိုသည်။ သူ့အတွက် တိုးတက်ကြီးထွားရန်အတွက် အဓိကကျသော သော့ချက်မှာ အတိတ်တွင်ရှိခဲ့သော နှိမ့်ကျသည့်အကြောင်းအရာကို ပြန်လည်တူးဆွရန်မဟုတ်ပါ။ ယုံကြည်စိတ်ချမှု၊ အတည်ပြုခြင်းနှင့် ပတ်သက်၍ ဖရင့်(ခ်)သည် သူ၏ တွေးခေါ်မှုကို ပြန်လည်တည့်မတ်ပြီး သူ၏ဘဝအသက်တာနှင့် အမှုတော်ဆောင်လုပ်ငန်း အခြေချရန်အတွက် ပိုမိုကောင်းသော အရင်းအမြစ်ကို ရှာရမည်။ သူသည် မိမိကိုယ်ကို

အသိအမှတ်ပြု တန်ဘိုးထားရန်အတွက် အခြားသောသူတို့၏ ချီးမွမ်းပြောဆိုခြင်းနှင့် အလေးပေးမှုကို ရှာဖွေခြင်းထက် မိမိကိုယ်ကို ဝိညာဉ်ရေးရာ၌ လိုအပ်သော အာဟာရနှင့် ရှင်သန်ကြီးထွားနိုင်စေရန်အတွက် ဘုရားသခင်နှင့်အတူ များစွာအချိန်ရယူရန် လိုအပ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် ပို့ဆောင်လမ်းညွှန်နေသည့် အရပ်သည် ထိုသို့သော အသက်တာဖြစ်သည်။

ဖရင့်(ခ်)၏ အတွေ့အကြုံအားဖြင့် ကျွန်ုပ်တို့ကို ဖော်ပြသည့်အရာမှာ ကျွန်ုပ်တို့၏ ဘုရားသခင်ရှေ့တော်၌ နှိမ့်ချခြင်းနှင့် ပွင့်လင်းမှုရှိခြင်း၏ တန်ဘိုးနှင့် အရေးပါ မှုတို့ကို ဖော်ပြနေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ကို ပြုစုစောင့်ရှောက်ရန်နှင့် ခွန်အားနှင့်ပြည့်စုံစေရန် ရည်ရွယ်ချက် အသီးသီးရှိခဲ့သည်။ ဝိညာဉ်တော်သည် သူ၏ စိတ်ချယုံကြည်မှုကို တည်ဆောက်ပေးရာတွင် ရှေးဦးစွာ မိမိကိုယ်ကို ကိုးစားရာမှ ဘုရားသခင်ကို ကိုးစားခြင်းအဖြစ်သို့ ပြန်လည် တည့်မတ်ပေးချင်သည်။ ထိုသို့ လုပ်ဆောင်ခြင်းမှာ သူသည် ရှက်ကြောက်နေမည့်အစား ရဲရင့်သောစိတ်သည် ဦးဆောင်နိုင်သည်ကို ပြသလိုသောကြောင့်ဖြစ်သည်။ သို့သော် ဖရင့်(ခ်)ဘက်မှ မိမိသည် မည်သည့်နေရာမျိုးတွင် ရုန်းကန်နေရသည်ကို ဝန်ခံလိုသောဆန္ဒနှင့် ဝိညာဉ်တော်က သူ့ကိုပြောပြပြီး ၎င်း၏ အထဲ၌ လုပ်ဆောင်မည့်အရာအတွက် မိမိကိုယ်ကို ပွင့်လင်းမှုမရှိလျှင် ဤအရာတစ်ခုမှ ဖြစ်လာနိုင်မည်မဟုတ်ပါ။ နောက်ဆုံးရရှိသော အကျိုးရလဒ်မှာ သူ၏ကြောက်ရွံ့ခြင်းများနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး သူမျှော်လင့်ထားခဲ့သည်ထက် ကျော်လွန်နေခဲ့သည်။

## သမ္မာတရားသည် ကျွန်ုပ်တို့ကို လွတ်မြောက်စေသည်

သခင်ယေရှုက အပြစ်ကျူးလွန်သောသူသည် အပြစ်တရား၏ ကျေးကျွန်များဖြစ်ကြပြီး ထိုအပြစ် ၏ကျွန်ဖြစ်ခြင်းမှ လွတ်မြောက်ရန်လိုကြောင်းကို သွန်သင်ခဲ့သည် (ယောဧ း၃၄)။ လွတ်လပ်မှုကို တွေ့ထိခံစားလိုပါက ဝိညာဉ်တော်က ကျွန်ုပ်တို့ကို ပြည့်ဝ ယုံကြည်စေလိုသော သမ္မာတရားအတွက် မိမိကိုယ်ကို ဖွင့်ဟထားရန်လိုအပ်သည်။ ထိုသမ္မာ တရားမှာ ဘုရားသခင်သည် ကျွန်တော်တို့၏ အသက်တာကို ဘာဖြစ်စေလိုသနည်း၊ ကျွန်ုပ်တို့၏အသက်တာတွင် ဖြစ်ပျက်နေသော အရာများက ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံမှုကို မည်သို့ နှောက်ယှက် အကျိုးသက်ရောက်စေသနည်း၊ ဘုရားသခင်က ကျွန်ုပ်တို့၏ အပြစ်များနှင့် ကျွန်ုပ်တို့ကို ကယ်တင်ရန်အတွက် အကြံအစည်တော်ရှိကြောင်း တို့ဖြစ်

သည်[3]။ ထို့နောက် လွတ်လပ်မှု လာသည်။ သခင်ယေရှုကပြောသည့်အတိုင်း ဘုရားသခင် ဖော်ပြသည့် သမ္မာတရားကို တွေ့မြင်ပြီး ထိုတရားကို ဖက်တွယ်ထားသောအခါ၊ "ထိုသမ္မာ တရားသည် (ကျွန်တော်တို့ကို) လွတ်ခြင်းအခွင့်ကို ပေးသည်" (ယော ၈း ၃၂)။ ရေခံမြေခံ အခြေအနေအရ သခင်ယေရှု၏ စိတ်ထဲတွင်ရှိသော သမ္မာတရားမှာ အဓိကအားဖြင့် သူသည် အထက်ကလာသောသူဖြစ်ကြောင်း တွေ့မြင်စေရန်ဖြစ်သည်။ ဆိုလိုသည်မှာ သူသည် ခမည်းတော်က စေလွှတ်ထားခြင်းနှင့် သူ့ကို ယုံကြည်သက်ဝင်သောသူတိုင်း ကယ်တင်ခြင်းရရှိပြီး သူ၏တပည့်တော်အ စစ်အမှန်ဖြစ်ကြောင်းနှင့် ထိုတပည့်တော်တို့ သည် "သူ၏ သွန်သင်မှုကို နာခံလိုက်လျှောက် သောသူများဖြစ်သည်" (ယော ၈း၂၃-၃၁)။

တစ်ခါတစ်ရံ ကျွန်ုပ်တို့အတွက် အကြီးမားဆုံးသော လိုအပ်မှုမှာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏ ဘုရားသခင်၏ အလိုတော်ကိုငြင်းပယ်မှုများ၊ အာခံ ခြင်းများနှင့် မမြင်နိုင်မှုတို့ကို တမင်မရည်ရွယ်ဘဲသော်လည်းကောင်း ရည်ရွယ်ပြီးသော် လည်းကောင်း ထိုးဖောက်ဖွင့်ပြပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အာခံ သောအခါ ကျွန်ုပ်တို့အသက်တာတွင် ဆုံးရှုံးသွားသော အမှန်တရားတစ်ခုခုကို မရင်ဆိုင် နိုင်သောအခါ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ ရင်ဆိုင်ရန်လို အပ်သော အ ရာတို့ကို ရင်ဆိုင်နိုင်ရန် ကျွန်ုပ်တို့၏ အပြစ်များအတွက် နောင်တရစေရန်နှင့် ချို့တဲ့ စေသော ထိုအပြစ်တန်ခိုး၏ ချုပ်နှောင်ခြင်းမှ လွတ်မြောက်နိုင်ရန် ကူညီပေးသည်။

ရောမသြဝါဒစာစောင် အခန်းကြီး (၇)တွင် တမန်တော် ပေါလုက သွန်သင်ထား သည်မှာ ကျွန်ုပ်တို့ (ဇာတိအသွေးအသား)တွင် မိမိတို့သည်ကောင်းသော အရာတို့ကို လုပ်လိုသော်လည်း လုပ်ဆောင်နိုင်သော အစွမ်းအစမရှိသလို အပြစ်ဒုစရိုက်ကိုပြုစေသော စိတ်ကိုလည်း ထိန်းချုပ်နိုင်စွမ်းမရှိ။ ဆက်လက်ပြီး အခန်းကြီး (၈)တွင် အပြစ်၏တန်ခိုး ကြောင့် အကူအညီမဲ့နေသည့် အခြေအနေကို ရင်ဆိုင်နေရသောအချိန်တွင် သခင်ယေရှု ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ အပြစ်စီရင်ခြင်းမှ လွတ်မြောက်နိုင်မည်ဖြစ် ကြောင်း ရှင်းပြထားသည်။ သို့သော် ထိုနေရာတွင်သာ အဆုံးသတ်သွားသည်မဟုတ်။ သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် ရရှိသော ဘုရားသခင်၏ ကယ်တင်ခြင်းသည် ယခု အခါ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တစ်ကယ် လက်တွေ့ဖြစ်လာသည်။ ထိုဝိညာဉ် တော်အားဖြင့် ကျွန်ုပ်တို့သည် စုံစမ်းခြင်းနှင့်အပြစ်တို့ကို အမှန်တစ်ကယ် အောင်မြင်သော

[3] ယော ၁၆း၇-၁၁ နှင့်နှိုင်းယှဉ်ကြည့်ပါ။ ယေရှုက "သူပြန်သွားပြီးနောက်" ဥပဇ္ဈာယ်ဆရာ(သန့်ရှင်းသော ဝိညာဉ်တော်)သည် ရောက်လာလျှင်၊ ဒုစရိုက်အပြစ်ကို ၎င်း၊ အပြစ်ကင်းခြင်းကို၎င်း၊ အပြစ်စီ ရင်ခြင်းကို၎င်း လောကီသားတို့အား ထင်ရှားစွာဘော်ပြမည်ဟု တပည့်တော်များအား ရှင်းလင်းပြောပြခဲ့သည် (ယော ၁၆း၈)။ တစ်နည်းပြောရလျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်တစ်ခုမှာ ကျွန်ုပ်တို့ ငြင်းဆိုသောအခါ သမ္မာတရားကို ပြသွန်ပေးပြီး ကျွန်ုပ်တို့သည် မိမိတို့၏ အပြစ်ကို နောင်တရရန်လိုအပ်ကြောင်း ထင်ရှားစေသည်။ ဤလုပ်ဆောင်ချက်သည် ကျွန်ုပ်တို့၏ ခရစ်တော်ထံသို့ ဦးဆောင်လမ်းပြ ပေးခြင်း၊ လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် အလုပ်ဆိုင်ရာ လမ်းညွှန်မှုပေးခြင်းနှင့် လက်တွေ့ကျသော အခြားသောနည်းလမ်းဖြင့် လမ်းပြပေးခြင်းတို့ထက် ထပ်ဆင့်လုပ်ဆောင်သော အရာဖြစ်သည်။

တန်ခိုးကို ရရှိစေသည်။ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်အပိုင်းမှာ အတ္တစိတ်၊ မိမိတို့၏ ကိုယ်ကျိုးကိုသာ မျှော်ကိုးသောစိတ်နှင့် “ဇာတိပကတိ”[၄] သဘောထားများကို ဆန့်ကျင်သောစိတ်နှလုံးတို့ဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကို အာရုံပြုလျက် သူ၏လမ်းပြဦးဆောင်ခြင်းသို့ လိုက်လျှောက်ရန်သာဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၏တန်ခိုးမှ လွတ်မြောက်ခြင်းကို သာ၍ခံစားရပြီး “အသက်ရှင်ခြင်းနှင့် ငြိမ်သက်ခြင်းသို့” ဦးတည်စေပါသည် (ရော ၈း၆)။

ဂလာတိသြဝါဒစာစောင် အခန်းကြီး(၅)တွင် ရှင်ပေါလုက ခရစ်တော်၌ ရှိသောယုံကြည်သူတို့၏ အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အရေးပါသော လုပ်ဆောင်မှုကို ထပ်မံ၍ပြောဆိုထားပါသည်။ သူသည် ရှေးဦးစွာ “ဇာတိပကတိ” အလိုဆန္ဒများနှင့် ဝိညာဉ်တော်၏ ဦးဆောင်မှုတို့ကို အသားပေးနှိုင်းယှဉ်၍ ဖော်ပြထားသည်။ သူကောက်ချက်ချထားသည်မှာ ဝိညာဉ်ကသာလျှင် ကျွန်ုပ်တို့၏ အသက်တာအတွင်း အပြစ်တရား၏ အနိုင်ထက်စီးနှင်းအုပ်စိုးမှုမှ လွတ်မြောက်ခြင်းကို ပေးနိုင်ပြီး ချစ်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်အခြား မြောက်များစွာသော အရည်အချင်းများနှင့် အတွေ့အကြုံများကို ဖြစ်ပွားစေနိုင်သည်။ ထိုအရာများသည် ကျွန်ုပ်တို့ အတွင်းထဲရှိ ဘုရားသခင်၏ လုပ်ဆောင်မှုများမှ ဖြစ်ပွားလာခြင်းဖြစ်သည်။ ဝိညာဉ်တော် အထံတော်ပါးသို့ တိုးဝင်ခြင်းဖြင့် အပြစ်၏ တန်ခိုးမှ လွတ်မြောက်ခြင်းနှင့် ကျွန်ုပ်တို့၏ အသက်တာထဲတွင် ဝိညာဉ်တော် စီးဝင်လွှမ်းမိုးခြင်းအားဖြင့် အရည်အသွေး ပြည့်ဝသော အသက်တာသစ်ကို တွေ့ထိခံစားရပြီး ထိုအရာကို “ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း” ဟု ခေါ်သည် (ဂလာ ၅း၁၆-၂၄)။ ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ ဤကဲ့သို့သော ဝိညာဉ်အသက်တာကို ခံစားရရှိသောကြောင့် ပေါလုက အဆုံးသတ်ပြောဆိုထာသည်မှာ ထိုသို့ဝိညာဉ်တော်နှင့် အသက်ရှင်သောသူတို့သည် “ဝိညာဉ်တော်နှင့် အတူခြေလှမ်းရန်” (ဂလာ ၅း၂၅) သိသိကြီးနှင့် ကြိုးစားရှာဖွေရမည် ဟူ၍ဖြစ်သည်။ တစ်နည်းပြောရလျှင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသစ်သော အသက်တာကို မည်သို့ တွေ့ကြုံခံစားရမည်ဆိုသည်ကို သိသောကြောင့် လွတ်လပ်မှု(အပြစ်မှ)၌ အမြဲလျော်ကန်စွာ နေထိုင်အသက်ရှင်နိုင်ရန်နှင့် ဝိညာဉ်တော်က လှုံ့ဆော်ပြီးလုပ်ဆောင်စေမည့် ကောင်းသောမည်သည့် အရာအတွက်မဆို

[4] Craig Keener ကရှင်းပြထားသည်မှာ “တွေးခေါ်ရာ၌ ဇာတိကပတိ သဘော” ပါရှိခြင်းသည် မှားယွင်းသော အမြင် သို့မဟုတ် ခန္ဓာကိုယ် အသက်ရှင်လျှက်ရှိသည့် သာမန်လူသားတို့၏ သဘော သာလျှင်ဖြစ်ပြီး ထိုအရာသည် အသက်ရှင်ခြင်း အမြင်နှင့် ဘုရားသခင်၏ မျက်မှောက်တော် အားဖြင့် ဦးဆောင်လမ်းပြခြင်းနှင့် ပြောပြခြင်း သဘောနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သူတို့၏ စိတ်ဝင်စားမှုသည် လတ်တစ်လော အခြေအနေ၊ မိမိတို့၏ အလိုဆန္ဒကိုသာဖြည့်ဆည်းလိုပြီး ဘုရားအားဖြင့် အခွင့်အလမ်းပေးထားသော ထာဝရဘုရားနှင့် ၎င်းနှင့် ပတ်သက်သည့်အရာကို စိတ်ဝင်စားမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်” ဟူ၍ဖြစ်သည်။ (*The Mind of The Spirit*,117)

ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်၏ တန်ခိုးတော်သို့ နိုးကြားတက်ကြွစွာ တိုးဝင်ချဉ်းကပ်သင့်သည်။[၅]

ကျွန်ုပ်တို့သည် အသက်တာ တစ်စစီလွင့်စင်သွားသည်အထိ သို့မဟုတ် ချစ်မြတ်နိုးသော တစ်စုံတစ်ဦးသည် မိမိတို့၏ ငြင်းပယ်မှုကြောင့် ဆိုးကျိုးရလဒ် ဝေဒနာကို ပင်းထန်စွာ ခံစားနေရသည်အထိ သမ္မာတရားကမိမိတို့အပေါ် ထိခိုက်ဖြိုချခံလာသည်အထိ စောင့်ဆိုင်း၍ နေနိုင်ပါသည်။ သို့မဟုတ် ပို၍အထောက်အကူပြုပြီး နာကျင်မှုကို လျှော့နည်းစေရန်အတွက် ကျွန်ုပ်တို့သည် ထိုသမ္မာတရားကို ကြိုတင်ကြိုးစားရှာဖွေ သိထားပြီး နေ့စဉ်အသက်ရှင်နေထိုင်သော အသက်တာကဏ္ဍ တစ်ခုချင်းစီတိုင်းတွင် ထိုသမ္မာတ ရားအားဖြင့် အသက်ရှင်နေနိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားရှင်ဖော်ပြမည့် အဘယ်သို့ သောအရာအတွက်မဆို မိမိကိုယ်ကိုပွင့်လင်းပြီး နှိမ့်ချထားနိုင်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့တွေ့မြင်ရန်လိုအပ်သည့် အဘယ်သမ္မာတရားကိုမဆို တွေ့မြင်နိုင်ရန်အတွက်နှင့် ဝိညာဉ်တော်အားဖြင့် ဦးဆောင်နေသော အဘယ်သောခြေလှမ်းဖြစ်ပါစေ အတူလှမ်းနိုင်ရန်အတွက် လိုအပ်သောခွန်အားတို့ကို ဘုရားရှင်ထံ အကူအညီတောင်းခံနိုင်သည်။

## အသက်ရှင်၍ ထက်မြက်သော ဘုရားသခင်၏ နှုတ်ကပတ်တော်

ကျွန်ုပတို့သည် ဘုရားသခင်ကို ပွင့်လင်းပြီး သူ၏အသံတော်ကို တက်ကြွစိတ်ဝင်စားစွာ နားထောင်သောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် သမ္မာတရားကို ဖော်ပြပြီး ကျွန်ုပ်တို့၏ စိတ်နှလုံးကို ပြောင်းလဲစေသည်။ ကမ္ဘာကို "နှုတ်မြွက်ဆိုပြီး" ဖြစ်တည်စေသော ဘုရားသခင်သည် စကြဝဠာကြီးကို ဖန်ဆင်းခဲ့သည် (ကမ္ဘာဦး အခန်းကြီး ၁)။ လွန်ခဲ့သော ရာစုနှစ်များစွာတွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် ပရောဖက်များအားဖြင့် ဘုရားသခင်၏ အလိုတော်ကို သူ၏လူတို့အား ဖော်ပြခဲ့သည် (ဥပမာ ၂ပေ ၁း၂၀-၂၁ ကိုကြည့်ပါ)။ ဘုရားသခင် "မှုတ်သွင်းတော်မူသော" သမ္မာကျမ်းစာသည် ယုံကြည်သူတို့အား ကယ်တင်ခြင်းသို့ ဦးဆောင်လမ်းညွှန်ပေးပြီး ဝိညာဉ်ရေးရာ ရင့်ကျက်ကြီးထားရန်နှင့် ဤလောကတွင် ကောင်းသောအမှုများကို ပြုလုပ်နိုင်ရန် လေ့ကျင့်တပ်ဆင်ပေးသည် (ဥပမာ ၂တိ ၃း၁၅-၁၇)။ ခရစ်တော်အား ယောဟန်၏ ဖေါ်ဆောင်ချက်တွင် "နှုတ်ကပတ်တော်" (ဂရိဘာသာစကားဖြင့် *logos*)သည် လူ့ဇာတိကိုခံယူပြီး လူသားတို့နှင့် အတူနေထိုင်အသက်ရှင်ခဲ့ခြင်းအားဖြင့် ဘုရားသခင်သည် မိမိ

[5] ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းခြင်းသည် ဝိညာဉ်တော်၌ အသက်ရှင်ခြင်းနှင့် အလွန်နက်နဲစွာ စေ့စပ်ဆက်နွယ်မှုရှိသော်လည်း တူညီခြင်းမရှိကြောင်း ခွဲခြားနိုင်ကြောင်း ဆွေးနွေးချက်အတွက် နိဒါန်းပိုင်းကို ကြည့်ရှုပါ။

ကိုယ်ကို ဖော်ပြခဲ့သည်။[6] နှုတ်ကပတ်တော်ဖြစ်တော်မူသော logos သခင်ယေရှုခရစ်တော်ကို တွေ့ရှိလက်ခံယုံ ကြည်ခြင်းအားဖြင့် ယုံကြည်သူတို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်လာသည် (ယော ၁း၁၂-၁၄)။

တစ်နည်းပြောရလျှင် ဘုရားသခင်၏ ဖန်ဆင်းခြင်းဆိုင်ရာ လုပ်ဆောင်မှုဖြစ်စေ၊ နှုတ်တော်ထွက်စကား (နှင့်ရေးသားထားသော နှုတ်ကပတ်တော်)၊ ဘုရားသခင် ရွေးနှုတ်သောသူ သို့မဟုတ် တစ်ဦးချင်းဆိုင်ရာ လမ်းညွှန်ဦးဆောင်မှုကို ပေးသောသန့်ရှင်း သောဝိညာဉ်တော်တို့ဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သမ္မာတရားကို ဖော်ပြရန် တန်ခိုးကြီးစွာ လုပ်ဆောင်ပြီး စကြဝဠာတစ်ခုလုံး အထူးသဖြင့် လူသားတို့၏အ သက်တာတွင် လှပပြီးကောင်းသောအရာတို့ကို ဖန်ဆင်းထားသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အသက်ကိုဖြစ်စေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင် မည်သူဖြစ်ကြောင်းကို နှုတ်ကပတ်တော်အားဖြင့် သိရသည်။ ကျွန်ုပ်တို့အသက်တာကို ပိုမိုကောင်းမွန်စေရန် ဘုရားသခင်သည် အဘယ်အရာဖြစ်စေလိုသည်ကို နှုတ်ကပတ်တော် အားဖြင့်သိရသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် တွေ့ထိခြင်းအားဖြင့် ကျွန်ုပ်တို့၌ ဝိညာဉ်ရေးရာ အသွင်ပြောင်းလဲခြင်းကို ကိုတွေ့ကြုံခံစားရသည်။ သခင်ခရစ်တော်၏ နောက်လိုက်များအဖြစ် ဘုရားသခင်အားသိခြင်း၊ ချစ်ခြင်းနှင့် အစေခံနိုင်သော အစွမ်းကိုဖြစ်စေသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကဲ့သို့သော အခြားအရင်းအမြစ် မရှိပါ။ ဟေဗြဲသြဝါဒစာစောင်တွင် ကနဦးအသင်းတော်ရှိ ယုံကြည်သူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် အဘယ်မျှ ကိုးစားယုံကြည် သွန်သင်ခဲ့ကြသည်ကို တွေ့မြင်နိုင်သည်။ စာရေးသူသည် ထပ်ခါတစ်လဲလဲ အတည့်အလင်း သွန်သင်ခြင်း၊ ချန်လပ်ထားခြင်းမရှိဘဲ သမ္မာကျမ်းစာကို အကုန်အစင် အသုံးပြုဟောပြောခြင်းဖြင့် သူ၏စာဖတ်ပရိတ်တို့၏ အသက်တာကို တို့ထိပြီး အသက်တာပြောင်းလဲစေရန်အတွက် နှုတ်ကပတ်တော်ကို ညွှန်ပြပြီး ဘုရားသခင်၏ ဝိညာဉ်တော်ကို ကိုးစားခဲ့သည်။

ဟေဗြဲသြဝါဒစာစောင်၏ အဖွင့်တွင် စာရေးသူသည် ဟေဗြဲလူတို့အား ဘုရားသခင်၏သားတော် သခင်ယေရှုခရစ်တော်ကို ဘုရားသခင်က လူသားတို့အား စကားပြောဆိုရာတွင် အသုံးပြုသော နောက်ဆုံးနှင့် အကြီးမြတ်ဆုံးသော နည်းလမ်းအဖြစ် တင်ဆက်ဖော်ပြထားသည်။ သူသည် ဘုရားသခင်၏ သားတော်ကို ရည်ညွှန်းပြောဆိုသည့်အခါ ရှင်ယောဟန်ကဲ့သို့ "နှုတ်ကပတ်တော်" *logos* ဟု အတိအလင်း အသုံးပြုဖော်ပြထားခြင်း မရှိချေ။ သို့သော်လည်း ဘုရားသ ခင်၏ နှုတ်ကပတ်တော်နှင့် ချိတ်ဆက်၍ပြောဆိုရာတွင်

---

[6] ယော ၁း၁၊ ၁၄၊ ပေါလုလည်း ယေရှုကို ဖော်ပြရာတွင် ထိုကဲ့သို့ "ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်၏" ဟုဖော်ပြထားသည် (ကော ၁း၁၅)။ ယေရှုခရစ်တော်သည် ဖန်ဆင်းခြင်းတွင် ပါဝင်လုပ်ဆောင်ခဲ့ပြီး " ထိုသားတော်၌ ဘုရားသခင်၏ ခပ်သိမ်းသော ပြည့်စုံခြင်းကိန်းဝပ်၏"ဟု ဆိုထားပါသည် (ကော ၁း၁၆-၂၀)။ ထို့နည်းတူ ဟေဗြဲသြဝါဒစာစောင်ကို ရေးသားသူကလည်း သားတော်အား "ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်၍ တန်ခိုးနှင့် ပြည့်စုံသော မိမိ၏တန်ခိုးအားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူ"ဟု ဖော်ပြထားပါသည် (ဟေ ၁း၃)။

"ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးသောကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ" (ဟေဗြဲ ၁း၁)ဟု ဆိုထားပါသည်။ ထို့နောက် စာရေးသူသည် နိုင်ငံတော် တည်ထောင်ရန်နှင့် လူသားတို့၏ကယ်တင်ခြင်း အတွက် ဘုရားသခင်သည် သားတော်အားဖြင့် မည်သို့လုပ်ဆောင်ကြောင်းကို အခန်းကြီးနှစ်ခုထက်မက ရှင်းလင်းဖော်ပြထားသည် (ဟေဗြဲ ၁း၁-၃း၆)။

ဟေဗြဲအခန်းကြီး (၃)နှင့် (၄)တွင် စာရေးသူသည် ဓမ္မဟောင်းကျမ်းတို့မှ အကျယ်တစ်ဝင့်ကိုးကားပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ကြားနာသူတို့အား နောင်တရစေခြင်း၊ ယုံကြည်စေခြင်းနှင့် ကယ်တင်ခြင်းရစေသော ဘုရားသခင်၏ အသံတော်အဖြစ် ရည်ညွှန်းထားသည် (ဟေဗြဲ ၃း၇-၁၂)။ နောက်ဆုံးတွင် သူသည် ချက်ချင်းပင် ဓမ္မဟောင်းကာလရှိ ပရောဖက်ပြုချက်များ သူအသက်ရှင်သည့် အချိန်ကာလတွင် ပြည့်စုံသွားသည့် အရာကို အခန်းကြီး(၄)တွင် ဖော်ပြရာတွင် သမိုင်းတွင်ရှိသော ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် လက်ရှိအချိန်ရှိ ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်သည့် အတိတ်နှင့် လက်ရှိအချိန်တို့ကို ချိတ်ဆက်ထားသည်။ စာရေးသူက ရှင်းပြထားသည်မှာ ဒါဝိအား ဘုရားရှင်ပြောခဲ့သော "ယနေ့" ဆိုသော ထိုနေ့ရက်သည် ဘုရားသခင်၏ သားတော်ကြွလာခြင်းဖြင့် ဖွင့်လှစ်လိုက်သည့် ယနေ့လက်ရှိအချိန်ဖြစ်သည်။ သမိုင်းတွင် ဘုရားသခင်ပြောခဲ့သော သတင်းစကားသည် လက်ရှိအချိန်အတွက် ချက်ချင်း ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်လာခြင်းဖြစ်သည်။ "ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည် ဖြစ်၍ ခိုင်မာသောစိတ်နှလုံး မရှိကြနှင့်" (ဟေဗြဲ ၄း၇) ဟူ၍ ဟောပြောထားသည်။ စာရေးသူသည် အဘယ်အရာကို လုပ်ဆောင်နေသနည်း။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သန့်ရှင်းသောဝိညာဉ်တော် အားဖြင့်သော်လည်းကောင်း ရေးသားထားသော သမ္မာကျမ်းစာအားဖြင့်သော်လည်းကောင်း လူသားတို့၏ အသက်တာကို ပြောင်းလဲပေးရာတွင် အလွန်အရေးပါသော အခန်းကဏ္ဍဖြစ်သည်ကို အတည်ပြု ပေးခြင်းဖြစ်သည်။ ထို့နောက်သူ ဆိုလိုချင်သည့် အချက်ကို (ဟေဗြဲ ၄း ၁၂-၁၃)တွင် ရှင်းလင်းစွာ ပြန်လည်ဖော်ပြပေးထားသည်။

> "ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုရင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုရင်း ပိုင်းခြား၍ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ ငါတို့ကို စစ်ကြောစီရင်တော်မူသော သူရှေ့၌ မထင်ရှားသော အရာတစ်စုံတစ်ခုမျှမရှိ၊ ခပ်သိမ်းသောအရာတို့

> သည် အကွယ်အကာမရှိဘဲ မျက်မှောက်တော်၌ လှန်ထားလျက်ရှိကြ၏” (ဟေဗြဲ ၄း၁၂-၁၃)။

ဟေဗြဲဩဝါဒစာစောင်ကို ရေးသားသူသည် ဖော်ပြပါ ကျမ်းချက်များရှိ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်၍ ကွဲလွဲစွာ ဖော်ပြထားခြင်းမရှိပါ။ ထိုသို့ဖြစ်ရခြင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွင်း ပုံစံအမျိုးမျိုးနှင့် ရောက်လာနိုင်သောကြောင့်ဖြစ်သည် ဆိုသည်ကို သံသယရှိစရာမလိုပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ထိတွေ့သောအခါတွင် မိမိတို့၌ရှိသော ဟန်ဆောင်မှု၊ ငြင်းပယ်မှု၊ မိမိကိုယ်ကို လှည့်စားမှု၊ မာန်မာနနှင့် ဖုံးကွယ်ထားသော ရှက်ဖွယ်ရာများသည် အဘယ်သို့သော အရာများဖြစ်သည်ကို ချက်ချင်းမြင်သာလာစေသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ထိုးထွင်းသိမြင်ပြီး ကျွန်ုပ်တို့နှင့် ပတ်သက်သည့် အဖြစ်မှန်တို့ကို ဖော်ပြပေးသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ နှိမ့်ချ၍ ထိလွယ်ရှလွယ်သော အနာများကို ကုသပေးပြီး ရှေ့ဆက်မည့်လမ်းကို လမ်းညွှန်ပြသပေးသည်။ ထိုအနာငြိမ်းခြင်းသည် သခင်ခရစ်တော်၌သာလျှင်ဖြစ်သည်။ ရှေ့ဆက်မည့်ခရီးသည် ယုံကြည်ခြင်းအားဖြင့်ဖြစ်သည်။ တန်ခိုးကြီးသော ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် စစ်မှန်သောထိတွေ့ခြင်းသည် အလွန်ထိတ်လန့်ခြင်းနှင့် အစပြုကောင်းပြုရလိမ့်မည်။ စစ်မှန်သောမျှော်လင့်ခြင်းနှင့် လမ်းဆုံးသည်။ ကျွန်ုပ်တို့၏ တုံ့ပြန် ချက်သည် မာန်မာန အခြေအတင်ပြောဆိုခြင်း သို့မဟုတ် ဈေးစစ်ညှိနှိုင်းခြင်းမ ဟုတ်ပါ။ သို့သော် ကျွန်တော်တို့နှင့် ပတ်သက်၍ နှုတ်ကပတ်တော်က ဖော်ပြသော အမှန်တရားနှင့် လိုအပ်မှုတို့အတွက် လက်မြှောက်အရှုံးပေးရမည်။ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့၏ တုံ့ပြန်ရာတွင် ဘုရားသခင်၌ရှိသော သားတော်သည် ကျွန်ုပ်တို့၏ စစ်မှန်၍ တစ်ခုတည်းသော မျှော်လင့်ခြင်း၏ အရင်းအမြစ်ဖြစ်ကြောင်း ဝန်ခံခြင်းပင်ဖြစ်သည်။ ဟေဗြဲစာစောင်ကို ရေးသားသူက ထိုအရာနှင့် ပတ်သက်၍ ဤသို့ဖွဲ့ဆိုထားသည်။

> “ယခုမူကား ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏ သားတော်ယေရှုသည် ငါတို့၌ ယဇ်ပရောဟိတ်မင်း ဖြစ်တော်မူသောကြောင့် ငါတို့သည် ဝန်ခံခဲ့ပြီးသောအရာ၌ တည်ကြည်ကြကုန်အံ့။ ငါတို့ယဇ်ပရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက် အပြစ်နှင့် ကင်းလွတ်တော်မူ၏” (ဟေဗြဲ ၄း ၁၄-၁၅)။

ကျွန်ုပ်တို့သည် မိမိတို့၏ လိုအပ်မှုနှင့် ထိုလိုအပ်မှုကို ဖြည့်ဆည်းပေးမည့် အရင်းအမြစ်တို့ကို သိသိခြင်းတွင် မည်သည့်အရာ လုပ်ဆောင်ရမည်ကို သိရှိကြသည်။ ထိုအရာမှာ အရှုံးတစ်ယောက်ကဲ့သို့ ဆုတောင်းခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် တစ်ချိန်ချိန်တွင် ဘုရား၏ကူညီမစမှုအတွက် မျှော်လင့်ချက်မဲ့မှုကို တွေ့ကြုံခံစားခဲ့ရသော်လည်း ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် မျှော်လင့်ချက် ကင်းမဲ့နေသော သို့မဟုတ် ဂရုဏာတော်အရှင်မျှော်လင့်ချက်နှင့် ဆန့်ကျင်နေသော တောင်းလျှောက်ခြင်းမျိုးမဟုတ်ပါ။ ထိုသို့မဟုတ်ပါ၊ ထိုသို့ဆုတောင်းခြင်းသည် လျှော်ကန်မှုမရှိသော ဓမ္မအတွေးအခေါ်ပညာဖြစ်ပြီး ဓမ္မသစ်သွန်သင်မှု လမ်းစဉ်တစ်ခုလုံးနှင့် ဆန့်ကျင်ဘက် ဖြစ်သွားနိုင်သည်။ ဘုရားသခင်၏ မေတ္တာသည် အလွန်ကြီးမားလှသည်။ ယေရှုခရစ်တော် လက်ဝါးကပ်တိုင်ပေါ်တွင် လူသားများအတွက် ပေးဆပ်ခဲ့သည့်အရာသည် အလွန်ကြွယ်ဝပြည့်စုံပြီး ထိရောက်မှုရှိပါသည်။ ထို့ကြောင့် ဟေဗြဲစာစောင်ကို ရေးသားထားသော စာရေးသူက အရေးတစ်ကြီးနှိုးဆော်ထားသည်မှာ ခရစ်တော်၌ ယုံကြည်ခြင်းရှိသော သူတို့သည် "သနားခြင်းဂရုဏာကိုရင်း၊ တော်လျော်သော မစခြင်း ကျေးဇူးတော်ကိုရင်း ခံရမည် အကြောင်း ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၆) ဟုဖြစ်သည်။

ရေခံမြေခံအခြေအနေကိုကြည့်သော် ဤဟေဗြဲဩဝါဒစာစောင် (အခန်းကြီး ၄ နှင့် အခန်းငယ် ၁၄-၁၆) အလယ်ပိုင်းရှိ ကျမ်းချက်များတွင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အသက်တာတွင် ကူညီမှုရရှိရန်အတွက် သိမှတ်ထားရမည့် အကြောင်းအရာများကို ဖော်ပြထားသည်။ ထိုသို့ ပြောပြရာတွင် ခရစ်တော်၏ နောက်လိုက်များအနေဖြင့် ကျွန်ုပ်တို့၏ တစ်ရက်ပြီးတစ်ရက် အသက်ရှင် လျှောက်လှမ်းသည့်ခရီးတွင် ဘုရားသခင်အား ပိုမိုသိလာ၊ ချစ်ပြီး အစေခံနိုင်ရန်အတွက် လိုအပ်သော အကူအညီအားလုံးမှာ ခရစ်တော် ကျွန်ုပ်တို့အတွက် ပြုခဲ့ပြီးသောအမှုနှင့် ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်း၌သာလျှင် တွေ့မြင်ရသည်။ ရာဇပလ္လင်တော်တွင် ထိုင်နေတော်မူသော ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်သည် စကြဝဠာကို စိုးစံသော လုပ်ပိုင်ခွင့်အာဏာအပြည့်နှင့် ကျွန်ုပ်တို့၏ ဆုတောင်းသံကို ကြားနာအဖြေပေးရန် လက်ကမ်းကြိုဆိုနေပါသည်။ ဘုရားသခင်၏ နိုင်ငံတော်သည် ခွန်အားနှင့်ပြည့်စုံသော သူတို့အတွက် ဆုချခြင်းမဟုတ်ဘဲ လိုအပ်သော သူတို့များအတွက် ကျေးဇူးတော်အဖြစ် သတ်မှတ်ဖော်ပြထားသည်။ ၎င်းသည် တရားစီရင်ခြင်းနှင့် ငြင်းပယ်ခြင်းတို့ဖြင့်မဟုတ်ဘဲ ခွင့်လွှတ်ခြင်းနှင့် ဂရုဏာတော်တို့ဖြင့် သတ်မှတ်ဖော်ပြထားသည်။

ဟေဗြဲဩဝါဒစာစောင်မှ မြင့်တင် ဟောပြော တွေ့ကြုံခံစားရသော ဘုရားသခင်၏ နှုတ်ကပတ်တော်က ညွှန်ပြသည်မှာ ၎င်းသည် ကျွန်ုပ်တို့ ရှုံးနိမ့်ခြင်း၊ ပျောက်ဆုံးခြင်းနှင့်

ရှေ့ဆက်မရအောင် နွံ့နှစ်နေသကဲ့သို့ တွေ့ကြုံခံစားရသောအခါ ကျွန်ုပ်တို့သည် မည်သူမည်ဝါဖြစ်ကြသည် ထိုကဲ့သို့သော အခြေအနေမှ မည်သို့ရှေ့ဆက်ရမည် ဆိုသည့် အသက်ရှင်နေထိုင်ခြင်းဆိုင်ရာ နက်နဲသော လက်တွေ့ကျသည့် အဖြေများဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော်တွင် မည်သူရှိမည်ဆိုသည်ကို ကျွန်ုပ်တို့သိကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို မြင်သကဲ့သို့ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို အလွန်ချစ်ခြင်းခံရသောသူ၊ လက်ခံခြင်းကို ခံရသောသူ၊ ခွင့်လွှတ်ခြင်းခံရပြီး တန်ဖိုးထား ခံရသောသူများအဖြစ် တွေ့မြင်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်တော်တို့အတွက် လိုအပ်သော ကျေးဇူးတော်နှင့် ဂရုဏာတော်ကို ရှာဖွေတွေ့ရှိခဲ့ရပြီ။ ထို့ကြောင့် ကျွန်ုပ်တို့နှင့် ဘုရားသခင်ကြား ပေါင်းသင်းဆက်ဆံမှုကို အနှောက်အယှက်ဖြစ်စေသော အတားအဆီးကို ဖယ်ရှားလိုက်ပြီး ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နေထိုင်ရန်အတွက် လိုအပ်သော ဘုရားသခင်၏ တန်ခိုးတော်ကို ခံယူရရှိနိုင်ပြီ။ ကျွန်ုပ်တို့၌ရှိသော အားနည်းချက်များကို အောင်မြင်ကျော်လွှားပြီး တွေ့ကြုံနေရသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ထိုဘုရားသခင်၏ တန်ခိုးတော်ထံသို့ မည်သို့တိုးဝင်ချဉ်းကပ်ရမည်ကို ပြည့်စုံစွာသိရှိမည် မဟုတ်သေးပါ။ သို့သော်လည်း ဘုရားရှင်၏ မျက်မှောက်တော်တွင် ကျွန်ုပ်တို့သည် မှန်ကန်သောနေရာသို့ ရောက်ရှိလာကြသည်ကို သိရကြလိမ့်မည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် ယဇ်ပရောဟိတ်မင်းကြီး (ဂျူးလူမျိုးတို့အတွက်မူ ဘုရားရှေ့ရှိ ကျွန်ုပ်တို့ကိုယ်စား အကြီးမြတ်ဆုံးသောရှေ့နေ) ဖြစ်သော သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကိုယ်စားပြုခဲ့သော၊ ကျွန်ုပ်တို့၏ ယုံကြည်စိတ်ချမှု စီးဆင်းရာ ကျေးဇူးတော်ပလ္လင်တော်သည် စစ်မှန်သော မျှော်လင့်ရာ အရပ်ဖြစ်သည်။

ဟေဗြဲသြဝါဒစာစောင်တွင် ယုံကြည်သူတို့သည် ဘုရားသခင်ထံမှ လိုအပ်သော ကျေးဇူးတော်ကို ယုံကြည်ခြင်းဖြင့် ခိုင်ခန့်စွာ စောင့်ထိန်းထားရန်ဖြစ်ပြီး သစ္စာတရား၌ သည်းခံစောင့်ထိန်းရန်ဖြစ်သည်။ ဂျူးလူမျိုး ဧဝံဂေလိဟောပြောသူများနှင့် ဆရာများတို့၏ ဖိအားပေးမှု၌ ရင်ဆိုင်တွေ့ကြုံ အသက်ရှိနေရသော ဟေဗြဲခရစ်ယာန်တို့သည် သခင်ယေရှုခရစ်တော်၌ စိုက်ထူထားသည့် သူတို့၏ယုံကြည်ခြင်းကို ဖြစ်စေသောအရာနှင့် မျှော်လင့်ခြင်းတို့၏ အရင်းအမြစ်အဖြစ် (ဘုရားသခင်၏ အသစ်သော) ပဋိညာဉ်တရားတော်၌ ထားရှိသော ယုံကြည်ခြင်းအရာကို “ယိမ်းယိုင်မှုမရှိရန်” အတွက် အကူအညီလိုအပ်ခဲ့သည်[၇]။ သူတို့သည် ဝိညာဉ်ရေးရာ ပိုမိုရင့်ကျက်ကြီးထွားနိုင်ရန်အတွက် ရှေ့ဆက်သွားရမည့်ခရီးနှင့် ယုံကြည်သူများကြား ခရစ်တော်၏ ရည်ရွယ်ချက်အတိုင်း အစေခံခြင်း၌ စိတ်ဓါတ် ကျဆင်းမှုမရှိစေရန်နှင့် ဂုဏ်ယူဘွယ် ကိုယ်ကျင့်တရားနှင့် အသက်ရှင်နေထိုင်

[7] ဟေဗြဲ ၇း၄၊ ၁၁၊ ၈း၆၊ ၁၃၊ ၁၀း၁၈-၃၉။

ရန်အတွက် အကူအညီလိုအပ်နေခဲ့သည်[၈]။ ဟေဗြဲစာစောင်ရှိ ယုံကြည်သူ အသင်းသားများအား ရေးသားပေးပို့သည့် စာရေးသူသည် ကျွန်တော်တို့နှင့်နည်းတူ ဉာဏ်ပညာ အရာ၌သော်လည်းကောင်း၊ ကျင့်ဝတ္တရားအရာ၌သော်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံမှုပိုင်းနှင့် ဝိညာဉ်ရေးရာ၌သော်လည်းကောင်း အန္တရာယ်နှင့်တွေ့ကြုံခဲ့ရသည်။ သူတို့သည် တွေ့ကြုံနေရသော ထိုစိန်ခေါ်မှုတို့ကို ရင်ဆိုင်ဖြတ်သန်းနိုင်ပြီး ကျန်တစ်ဖက်တွင် အောင်မြင်စွာနှင့် ထွက်ပေါ်လာနိုင်ရန်အတွက် ဘုရားသခင်၏ ကူညီမစမှုကို လိုအပ်နေခဲ့သည်။

ထို့နောက် ဟေဗြဲသြဝါဒစာစောင်ကို ရေးသားသူက ယုံကြည်သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် သမ္မာကျမ်းစာထဲ၌ တိုက်ရိုက် ဝိညာဉ်တော်အားဖြင့်၊ သားတော်အားဖြင့်၊ ကယ်တင်ခြင်းနှင့် ခရစ်ယာန်အသက်တာတွင် အသက်ရှင်နေထိုင်မှုတို့အတွက် ဟောကြားခြင်းမှတစ်ဆင့် သွန်သင်ခြင်းတို့အပေါ် မည်မျှကိုးစားယုံကြည်ရမည်ကို ကျွန်တော်တို့အား ဥပမာ အားဖြင့်သော်လည်းကောင်း သင်ကြားပေးခြင်းအားဖြင့်သော်လည်းကောင်း ဖော်ပြပေးထားသည်။[၉] ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ယုံကြည်သူများသည် အသိပညာမဲ့ခြင်းမှ လေးနက်စွာသိနား လည်သဘောပေါက်ခြင်း၊ နှိမ့်ချခြင်းမှ အနာငြိမ်းခြင်း၊ မျှော်လင့်ခြင်းမဲ့ခြင်းမှ ယုံကြည်စိတ် ချမှုရှိခြင်း၊ ဝေးကွာနေခြင်းမှ မိတ်သဟာယပြုခြင်းအချိန်အခါကောင်းများကို တွေ့ထိခံစား နိုင်သည်[၁၀]။ ဝိညာဉ်တော် ဦးဆောင်သော အသက်တာ ဖြစ်စဉ်သည် ကျွန်ုပ်တို့အား ပုန်းအောင်းနေသော နေရာများမှ ထွက်လာအောင်နှိုးဆော်ပေးပြီး မိမိကိုယ်ကို ငြင်းပယ်ခြင်း၊ ကြောက်ရွံ့ခြင်းနှင့် အပြစ်တို့၏ ချုပ်နှောင်ထားခြင်းတို့မှ လွှပ်ခါလွတ်မြောက်စေသည်။ ဝိညာဉ်တော်၏လက်တွင် ရှိသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် မှန်ကန်သော ပေါင်းသင်းဆက်ဆံမှုတစ်ခုထဲသို့ ခေါ်ဆောင်လျက် ကောင်းမွန်စွာ နားထောင်နိုင်ရန် ပြင်ဆင်ပေးပြီး ဝိညာဉ်တော်၏ အသံတော်နှင့် ပူးပေါင်းဆောင်ရွက် ရှေ့တိုးနိုင်ရန် ပြင်ဆင်ပြုပြင်ပေးသည်။ ဤဖြစ်စဉ်သည် မယုံကြည်သော အနေအထားမှ သခင်ခရစ်တော်ကို

---

[8] ဟေဗြဲ ၆း၁၊ ၉-၁၂၊ ၁၃း၁-၁၉။

[9] သန့်ရှင်းသော ဝိညာဉ်တော်သည် ဖြစ်မြဲမဟုတ်ဘဲ သမ္မာတရားဆီသို့ ပို့ဆောင်ပြီး ကျွန်ုပ်တို့ကို အသွင်ပြောင်းလဲစေရန်အတွက် အခြားသူများနှင့် တွေ့ဆုံစေသည်။ အထူးသဖြင့် ကျွန်တော်တို့နှင့် မတူတမူထူးခြားသည်ဟု ထင်ရသောသူများ သို့မဟုတ် ကျွန်တော်တို့ကို အချို့သော အကြောင်းကြောင့် မခံမရပ်နိုင်အောင် လုပ်တတ်သော“အခြားသူများ”နှင့် တွေ့ကြုံစေသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အငြိမ်းစား ဓမ္မအတွေးအခေါ်ပညာ ပါမောက္ခလည်းဖြစ်ပြီး မက်သသစ်အသင်းတော်၏ အမှုတော်ဆောင်လည်းဖြစ်သူ Frances Young ဆိုသူက သူမသည် မသန်စွမ်းသော သားတစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်ခဲ့သည့်အရာနှင့် အခြား ခါးသည်းသည့်အတွေ့အကြုံမှ သင်ယူရရှိသည့်အရာကို သူမ၏စာအုပ် *Brokeness & Blessing* တွင် ဆွေးနွေးတင်ပြထားသည်။ သူမလေ့လာ တွေ့ရှိသည့်အရာမှာ “သမ္မာကျမ်းစာနှင့် ကိုက်ညီသော ဝိညာဉ်ရေးရာတွင် ပွင့်လင်းမှု၊ လက်ခံနိုင်မှုနှင့် ကြီးထွားရင့်ကျက်မှု” တို့လိုအပ်ပြီး ထိုစိတ်သဘောထားတို့သည် ကျွန်တော်တို့ မိမိကိုယ်ကို နားလည်သဘောပေါက် ခြင်းနှင့် ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံမှုတို့ကို အသွင်ပြောင်းလဲစေသော အခြေခံတရားများဖြစ်သည် ဆိုသည့်အရာပင် ဖြစ်သည်။ နောက်ဆုံးသူမက ကောက်ချက်ချသည်မှာ၊ “ဘုရားသခင်သည် ကျွန်တော်တို့ လက်လှမ်းမမီသော တစ်ဖက်ကမ်းတွင်ရှိသော်လည်း ရုန်းကန်နေမှုကြား တွင် ကျွန်တော်တို့ရှိရာသို့ ခရစ်တော်အားဖြင့် လက်တော်ကမ်းလှမ်းပေးပြီး၊ သူ့မေတ္တာများဖြင့် ကျွန်တော်တို့အား ထိမှန်စေသည်။ ထိုသို့လုပ်ဆောင်ရခြင်းသည် တစ်ဦးချင်းကိုသော်၎င်း ဤကမ္ဘာပေါ်ရှိ ခရစ်တော်၏ ကိုယ်ခန္ဓာသည် ခရစ်တော်၏ စစ်မှန်သော ချစ်ခြင်းမေတ္တာ၏ လမ်းစဉ်ကိုလျှောက်လှမ်းခြင်းနှင့် နှိမ့်ချခြင်း အသက်တာကို လိုက်လျှောက် အသက်ရှင်ခြင်းကို ပြန်လည်ထုတ်ဖော် တွေ့ရှိခြင်းဖြစ်သည်” ဟူ၍ဖြစ်သည်။(စာမျက်နှာ ၁၂၀-၂၂)။

[10] Mouwen et at., *Spiritual Formation* ကိုကြည့်ပါ။ ဤစာအုပ်တွင် စာရေးသူက ဝိညာဉ်ရေးရာ ကြီးထွားခြင်းတွင် တွေ့ရှိရမည့်မတူညီသော“လှုပ်ရှားမှုများ” ဖြစ်သည့် အမှတ်အသားများကို ဖော်ပြထားသည်။ သူက ဝိညာဉ်ရေးရာ အသက်တာကို ဝင်ရိုးစွန်းသုံးခုကြားအဆက်မပြတ်လှုပ်ရှားနေခြင်းဟု သေသေချာချာ ခေါ်ဆိုထားပါသည်။ ထိုဝင်ရိုးစွန်းတို့မှာ အထီးကျန်ခြင်း၊ ဆိတ်ငြိမ်ခြင်း၊ ရန်လိုမှုနှင့် ဧည့်ဝတ်ကြေပွန်ခြင်း၊ အထင်အမြင်မှားယွင်းခြင်းနှင့် ဆုတောင်းခြင်း တို့ဖြစ်သည်” (စာမျက်နှာ ၁၈)။

ယုံကြည်သက်ဝင်လာသော ပြောင်းလဲခြင်းတစ်ခုတည်းကိုသာ ပြောဆို၍မရဘဲ ယုံကြည်သောသူတို့၏ အသက်တာထဲတွင် အဘယ်အရာဖြစ်ပျက်နေသည် ဆိုသည်ကို ဖော်ပြသည့် ထပ်ခါထပ်ခါ ဖြစ်ပေါ်နေသော အရာလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အလိုရှိသည်ကို သိမြင်လာသော သို့မဟုတ် တစ်စုံတစ်ခုအတွက် အသစ်သောနည်းလမ်းဖြင့် ဘုရားသခင်က ခေါ်ထားခြင်းကို ခံရသောမည်သည့်အချိန်တွင်မဆို ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် နီးကပ်စေပြီး ရင့်ကျက်စေရန်အတွက် ကူညီပေးသည်။ ထိုအခါ ကျွန်ုပ်တို့အပိုင်းမှ လုပ်ဆောင်ရမည့်အရာမှာ မိမိကိုယ်ကို နှိမ့်ချပြီး ဝိညာဉ်တော်၏ လှုံ့ဆော်မှုများကို ပွင့်လင်းရန်သာ (အသံတော်ကို နားထောင်ခြင်း) ဖြစ်ပြီး ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဆုပ်ကိုင်ထားနိုင်ရန်အတွက် လိုအပ်သောအကူအညီကို ဘုရားသခင်ထံမှ ရှာဖွေပြီး သစ္စာတရား၌ ဖွဲ့လုံ့လရှိရန်(ပူးပေါင်းဆောင်ရွက်ခြင်း) သာဖြစ်သည်။

## နိဂုံး

ဘုရားသခင်ကို နားထောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ဝိညာဉ်တော် ဦးဆောင်သောအသက်တာ၏ ဗဟိုချက်ဖြစ်သည်။ ဤအရာသည် အလွန်ရိုးရှင်း လွယ်ကူသည့် လုပ်ဆောင်စရာ ဖြစ်သော်လည်း သေချာစွာ လက်တွေ့ကျင့်သုံးသောအခါ ထင်သလောက် မလွယ်သောအ ရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ရှေးဦးစွာ ကျွန်ုပ်တို့သည် နားထောင်သည့်အလုပ်ကို လုပ်ကြရပါမည်ဖြစ်ပြီး အမှန်တကယ် နားထောင်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် နှိမ့်ချပြီးပွင့်လင်းကာ ဝိညာဉ်တော်ထံမှ ပြောလိုသည့် စကားသံကို နားထောင်ရန် အဆင်သင့်သော စိတ်နှလုံးရှိရန်လိုသည်။ မိမိကိုယ်ကို လက်ရှိအခြေ အ နေမှ ကင်းကင်းရှင်းရှင်း နေထိုင်ရန်သင်ယူခြင်း၊ မိမိတို့ဦးခေါင်းရှိ ပြိုင်ဆိုင်နေသော အသံများကို တိတ်ဆိတ်စေခြင်း၊ ဦးတည်ချက်ရပ်နားပြီး ပြောင်းလဲလိုသော စိတ်ဆန္ဒရှိခြင်း၊ ဝိညာဉ်တော်၏ အသံတော်ကို သည်းခံစောင့်မျှော်ခြင်းနှင့် သက်တောင့်သက်သာရှိသော နေရာအရပ်ကို စွန့်ခွါကျောခိုင်းခြင်းတို့သည် လုပ်ဆောင်ရခက်ခဲသော အရာများဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ အသံတော်ကို နားထောင်ရန် ဖြစ်လာ သောအခါ ကျွန်ုပ်တို့သည် မသက်မသာဖြစ်သော သို့မဟုတ် မရေရာသော ခံစားမှုကို ခံစားကြရမည်။ ဝိညာဉ်တော်၏အသံသည် အဘယ်အရာဖြစ်ပြီး မိမိတို့၏အသံသည် အဘယ်အရာ ဖြစ်သည်ကို မသေချာမရေရာဘဲ ဖြစ်နေမည်။ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို ပြောကြားမည့်စကားကို ကြားနာရန် ကြောက်ရွံ့နေမည်။ အမြဲတမ်းလိုပင် ကျွန်ုပ်သည် ထိုသို့ခံစားသည်။

သို့သော်လည်း ဘုရားသခင်၏ အကူအညီအားဖြင့် ကျွန်ုပ်တို့ သင်ယူနိုင်ပါ သည်။ ကျွန်ုပ်တို့ထဲတွင် ဝိညာဉ်တော်၏ အသံတော်ကို မှတ်မိသော စွမ်းရည်ကိုပြုစု၍ ရယူနိုင်ပြီး ကြောက်ရွံ့ခြင်းမရှိဘဲ နားထောင်နိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့တွင် အပြစ်ရှိကြောင်းကို အမှန်တကယ် ထင်ရှားစေပြီး ခံယူရမသက်မသာ ဖြစ်သော အမှန်တရားကို တစ်ခါတစ်ရံ ပြည့်ဆွန်တတ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အနာများကို စည်းနှောင်ထားပြီး မိမိတို့၌ခံစားရသည်များကို ဆုတောင်းခြင်းအားဖြင့် ကြားသိစေသောအခါ နှစ်သိမ့်ပေးခြင်းနှင့် ခွန်အားဖြစ်စေသည့်စကားကို ပြောပေးသည်။ ကျွန်ုပ်တို့၏အလုပ်မှာ ကျွန်ုပ်တို့၏ ဆုတောင်းချက်ကို တုံ့ပြန်ပေးမည့်ဘုရားကို ထိန်းချုပ်ထားနိုင်သည့်အလား ကြိုးစားထိန်းချုပ်ရန်မဟုတ်ပါ။ ထိုသို့မဟုတ်ပါ၊ ဝိညာဉ်တော်က ကျွန်ုပ်တို့အား မိမိကိုယ်ကိုနှိမ့်ချရန်၊ ကျွန်ုပ်တို့ စိတ်နှလုံးပွင့်လင်းမှုရှိရန်နှင့် လက်ရှိအခြေအနေကို အလိုက်သင့် တုံ့ပြန်ရန်အတွက် အဆင်သင့်ရှိနေစေရန် ခေါ်ထားခြင်းဖြစ်သည်။ ထိုသို့ဖြင့်သာ ကျွန်ုပ်တို့ကြားနာရန် အလိုအပ်ဆုံးသောအရာ ကို ကြားနာနိုင်ပြီး ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေရန်နှင့် ခရစ်တော်က ကျွန်ုပ်တို့အတွက်ထားရှိသော ကောင်းသော ရည်ရွယ်ချက်များကို အစေခံနိုင်ရန်အတွက် ဝိညာဉ်တော်၏ လှုပ်ရှားမှုနှင့် တန်ခိုးတော်ကို တွေ့ကြုံခံစားရမည်ဖြစ်သည်။

ဖရင့်(ခ်)၏ နှိမ့်ချခြင်းနှင့် ပွင့်လင်းမှုသည် သူ့အတွက် အလွန်အရေးပါသော မေးခွန်းများကို ဖော်ထုတ်နိုင်စေပြီး ထိုမေးခွန်းများကို မေးမြန်းနိုင်ရဲသည့် ရဲရင့်ခြင်းကိုပေးခဲ့သည်။ ထိုအခါ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ကြောက်ရွံ့ခြင်းများနှင့် ဆန့်ကျင်၍ မိမိကိုယ်ကို နှိမ့်ကျစွာမြင်သောအမြင်အား အတည်ပြုသည့် တုံ့ပြန်မှုဖြင့် တုံ့ပြန်ခဲ့ခြင်းမရှိခဲ့ချေ။ ထင်ထားသည်နှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် အံ့သြစရာကောင်းသော အခိုင်အမာပြောဆိုချက် စကားလုံးများ၊ ချစ်ခြင်းမေတ္တာနှင့် ထောက်ပံ့မှု၊ အချိန်ကြာရှည် မရှိခဲ့ဖူးသော ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ဖြင့် သူ့ကို အံ့အားသင့်စေခဲ့သည်။ ထို့နောက်ပိုင်း ဝိညာဉ်တော်သည် ပိုမိုထိရောက်စွာ အစေခံနိုင်ရန်အတွက် သူ၌ပြောင်းလဲ ရန်လိုအပ်သည်များကိုလည်း မြင်တွေ့နိုင်ရန် ကူညီပေးခဲ့ပြီး ထိုအတိုင်း လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော်လည်း ထိုသို့သော အတွေ့အကြုံများသည် သူ့အတွက် ရှက်ကြောက်စရာနှင့် စိတ်ဓါတ်ကျစရာ မဟုတ်ခဲ့ပါ။ သို့သော် ၎င်းသည် "ဟုတ်ပြီကွ" ဟူသည့် အသစ်သော ရှင်းလင်းမှုကို ဖြစ်သွားစေသောအချိန်နှင့် ပညာရည် ခွန်အားတိုးပွားစေပြီး လုပ်ဆောင်ချက်နှင့် ကြီးမားသော ထိရောက်မှုတို့အတွက် တွန်းအားကို ဖြစ်စေသည့် အချိန်ဖြစ်သည်။

ဝိညာဉ်တော်ဦးဆောင်သော နောက်လာမည့်သင့်ခြေလှမ်းများ

အကယ်၍ သင်သည် မိမိကိုယ်ကို နှိမ့်ချရမည်ဆိုပါက သင့်ကိုယ်သင် မည်သည့်အရာကို ဝန်ခံရမည်နည်း။ ဘုရားသခင်ကို မည်သည့်အရာကို ပြောမည်နည်း။ မည်သည့်အကူအညီကိုတောင်းမည်နည်း။

အကယ်၍ သင်သည် သင့်စိတ်နှလုံးနှင့် အသိစိတ်ကို အနည်းငယ် ပွင့်လင်းဖွင့်ဟရမည်ဆိုလျှင် ထိုအရာသည် သင်၏သမ္မာကျမ်းစာကို နားထောင်မှုအား မည်သို့ပြောင်းလဲစေနိုင်မည်နည်း။ ထိုမျှမက သန့်ရှင်းသော ဝိညာဉ်တော်၊ သင့်အသက်တာရှိ ပရောဖက်များနှင့် သင်သိကျွမ်းသောသူအား နားထောင်ရာတွင် မည်သို့ပြောင်းလဲစေနိုင်မည်နည်း။ သင်သည်မည်သည့်အရာကို ကြားနာရမည်ဟု ထင်မြင်ယူဆသနည်း။

ဤမေးခွန်းများကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး စာရေးချပါ သို့မဟုတ် သင်ယုံကြည်စိတ်ချရသော မိတ်ဆွေ သို့မဟုတ် ဝိညာဉ်ရေးရာ အကြံဉာဏ်ပေးသူအား သင်၏ထင်မြင်ယူဆချက်နှင့် ဝိညာဉ်တော်သည် မည်သည့်အရာကို နှိုးဆော်နေသည်ကို ပြောပြရန် ရက်ချိန်းယူပါ။ ဘုရားသခင်ရှေ့တွင် ပိုမိုနှိမ့်ချခြင်းနှင့် ပွင့်လင်းခြင်းသည် မည်သို့မည်ပုံဖြစ်သည်ကို ဖော်ထုတ်ပါ။ ထို့နောက် သင်အဆင်သင့်ဖြစ်သည့်အချိန် ထိုအရာကို လုပ်ဆောင်လိုက်ပါ။